"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# အပတ်စဉ်သတင်းထုတ်ပြန်ချက် (၈/၂၀၂၃)

အမှတ်စဉ် (၈/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

## ၁။ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအဖြစ် အသွင်ပြောင်းတည်ဆောက်ရေး လုပ်ဆောင်ကြရန် NUG ယာယီသမ္မတတိုက်တွန်း



အိမ်နီးချင်းနိုင်ငံများထဲတွင် နွေဦးတော်လှန်ရေးအပေါ် မတူသည့်သဘောထား ထင်မြင်ချက်များရှိသည်ကို နားလည်ပြီး လက်တွေ့ကျသည့် သံခင်းတမန်ခင်းမူဝါဒများနှင့် ရှေ့ဆက်ရန်လိုသည်ဟု ယူဆကြောင်း၊ အိမ်နီးချင်းနိုင်ငံများကို မိတ်ဖက်နိုင်ငံများအဖြစ် အသွင်ပြောင်းတည်ဆောက်ရေးကို လက်တွေ့ကျကျ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံများသည် မိမိတို့နိုင်ငံအခြေအနေ / အနေအထားနှင့် လူ့အဖွဲ့အစည်းကို ဖွဲ့စည်းတည်ဆောက် ထားကြရကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတက ဒူဝါလရှိုးလက ဖေဖော်ဝါရီ (၁၄) ရက် အမျိုးသားညီညွတ်ရေးအစိုးရ (၆) ကြိမ်မြောက် အစိုးရအဖွဲ့အစည်းဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

**" နွေဦးတော်လှန်ရေး (၂) နှစ်ပြည့်ပြီးလို့ (၃) နှစ်တာ ကာလထဲကို ချည်းနင်း ဝင်ရောက်လာမှုမှာ တိကျတဲ့ နိုင်ငံရေးရလဒ်တွေ ထွက်အောင် ကြိုးစားကြဖို့ လိုအပ်ကြောင်း ပြောကြားချင်ပါတယ်။ ကျွန်တော်တို့ဟာ ယေဘုယျရှုမြင်ချက်တွေနဲ့ပဲ ရှေ့ဆက်လို့ မရပါဘူး။ တိတိကျကျ ဆုပ်ဆုပ်ကိုင်ကိုင်ပြလို့ရမယ့် နိုင်ငံရေး ရလဒ်တွေကို ပြည်သူတွေကို ပေးဝေဖို့ လိုနေပါပြီ။ လူထုနဲ့ ယုံကြည်မှု တည်ဆောက်တဲ့အခါမှာ လက်တွေ့ ရလဒ်နဲ့ စည်းရုံးမှုတွေကသာလျှင် ရေရှည်တည်တံ့တယ်ဆိုတာ ကျွန်တော်တို့ NUG အစိုးရအဖွဲ့ဝင် အားလုံး ကို သိစေချင်ပါတယ်"** ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။ https://bit.ly/3lBHKQX

## ၂။ မြန်မာကိုလက်နက်တင်သွင်းခွင့် ပိတ်ပင်သည့် စင်ကာပူ၏ ကတိကဝတ်အား အမျိုးသားညီညွတ်ရေး အစိုးရကြိုဆို



Republic of the Union of Myanmar
National Unity Government
President Office
presidentoffice@nugmyanmar.org

Announcement No. (2/ 2023)
February 16, 2023

**Statement on Singapore's prohibition of arms and dual-use item transfers to Myanmar**

The National Unity Government strongly welcomes Singapore's confirmation that it prohibits arms transfers to the illegal military junta in Myanmar.

H.E. Dr Vivian Balakrishnan, Minister for Foreign Affairs, confirmed the existing ban in a parliamentary statement on 14 February 2023, highlighting that it was consistent with UN General Assembly Resolution 75/287 (2021) on the situation in Myanmar, which Singapore voted for.

Foreign Minister Balakrishnan also confirmed that Singapore would not authorise the transfer of dual-use items "assessed to have potential military application to Myanmar, where there is a serious risk that they may be used to inflict violence against unarmed civilians". Putting corporations on notice, the Foreign Minister added that Singapore would take a "very firm line" against companies who contravened its laws including those on the transfer and brokering of strategic goods and technology.

The National Unity Government extends its sincere gratitude to the Government of Singapore for its principled stance, and to Foreign Minister Balakrishnan for his expressions of solidarity with the Myanmar people.

The National Unity Government remains committed to working in partnership with Myanmar's fellow ASEAN Members to end the illegal junta's atrocities and to advance the peace, security and prosperity of our region.

***

စင်ကာပူနိုင်ငံက မြန်မာနိုင်ငံကို စစ်လက်နက်နှင့် စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံးပစ္စည်းများ တင်ပို့ရောင်းချခြင်းအား တားမြစ်မည်ဟူသည့် Dr Vivian Balakrishnan ၏ ကတိကဝတ်ပြုမှုကို အမျိုးသားညီညွတ်ရေးအစိုးရက ကြိုဆိုကြောင်း၊ စင်ကာပူနိုင်ငံမှာ မြန်မာစစ်တပ်၏ လက်နက်ပွဲစားများအတွက် ငွေကြေးဆိုင်ရာ ဗဟိုချက်မနေရာတစ် ခုအဖြစ် ရှိနေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်ပြီး မြန်မာစစ်လက်နက်ပွဲစားများက ငွေအပေးအယူလုပ်ရန် စင်ကာပူဘဏ်များကို အသုံးပြုကြကြောင်း ဝယ်ယူမှုတချို့တွင် စင်ကာပူနိုင်ငံက ကုန်ပစ္စည်းလက်ခံရယူခြင်းမျိုးများ ပါဝင်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရက ဖေဖော်ဝါရီ ၁၆ ရက်တွင်ထုတ်ပြန်ခဲ့သည်။

စင်ကာပူနိုင်ငံမှာ လုပ်ငန်းခွဲများရှိကြပြီး နာမည်ဆိုးနှင့်ကျော်ဇောသည့် လက်နက်ပွဲစားကုမ္ပဏီများ ထဲတွင် Star Sapphire Group, Dynasty International, Htoo Group နှင့် MCM Group တို့ပါဝင်ကြောင်း၊ ယင်းကုမ္ပဏီအားလုံးက အမေရိကန်၊ ယူကေ၊ ကနေဒါနှင့် အီးယူတို့က ဒဏ်ခတ်ပိတ်ဆို့ထားသည့် ကုမ္ပဏီများဖြစ်ကြပြီး အဆိုပါကုမ္ပဏီများကို မြန်မာစစ်တပ်၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် စစ်ရာဇဝတ်မှုများတွင် အားပေးကူညီကြသည့် ခရိုနီများက ပိုင်ဆိုင်ကြကြောင်း ဆက်လက်ဖော်ပြထားသည်။

ထုံးကုမ္ပဏီအုပ်စု၏ ပိုင်ရှင်ဖြစ်သူ တေဇက စင်ကာပူနိုင်ငံအတွင်း ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ စစ်အုပ်စုအတွက် အရေးပါသည့် အထောက်အပံ့များ လုပ်ပေးရန် စင်ကာပူနိုင်ငံအား အခြေစိုက်စခန်းတစ်ခုကဲ့သို့ အသုံးပြုနေကြောင်း Justice For Myanmar က ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။

https://bit.ly/3KkwLWv

ကာကွယ်ရေးဝန်ကြီးဌာန

## ၃။ စစ်ကောင်စီ၏သစ္စာခံများအနေဖြင့် အကြမ်းဖက်စစ်တပ်အား အသေခံကာကွယ်ပေးခြင်းနှင့် ပြည်သူနှင့် အချိန်မီပူးပေါင်းခြင်း နည်းလမ်းနှစ်မျိုးသာရှိတော့ဟု NUG ကာကွယ်ရေးဝန်ကြီးပြောကြား




စာမျက်နှာ (၃) သို့

စာမျက်နှာ (၂) မှ

စစ်ကောင်စီ၏သစ္စာခံများအနေဖြင့် အကြမ်းဖက်စစ်တပ်အား အသေခံကာကွယ်ပေးခြင်းနှင့် ပြည်သူနှင့်အချိန်မီပူးပေါင်းပြီး တော်လှန်ရေးကို အလုပ်အကျွေးပြုခြင်း နည်းလမ်းနှစ်မျိုးသာရှိတော့ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်က Public Voice Television(PVTV) ၏ "တွေ့ဆုံမေးမြန်း ဆွေးနွေးခန်း" အစီစဉ်တွင် ပြောကြားခဲ့သည်။

"အခုဆိုရင်ကျနော်တို့PDFတပ်မတော်ရဲ့စစ်ရုံးချုပ်ကနေပြီးတော့"စစ်နည်းဗျူဟာလေ့လာရေးရုံး"အမည်နဲ့ရုံးတရုံးဖွင့်လှစ်ထားတယ်။ဒီရုံးမှာပြည်သူ့ဘက်ကရပ်တည်တဲ့ ရဲဘော်တွေပါဝင်ပြီးတော့ တာဝန်ထမ်းဆောင်နေတယ်။ အဲ့တော့ ဖရဲသီးကိစ္စပေါ့။ အလောသုံးဆယ် အပြင်ကိုထွက်လာစရာမလိုတဲ့ အခုချိန်ထိတော့ စစ်ကောင်စီလက်အောက်ခံ ဖြစ်နေသေးတဲ့ ရဲဘော်တချို့ကိုလည်း အတွင်းမှာကျွန်တော်တို့ ဆက်လက်မြုပ်နှံထားပြီးတော့မှ အရေးကြီးတဲ့အတွင်းသတင်းတွေ ရယူနိုင်ရေး၊ စောစောကပြောတဲ့ "စစ်နည်းဗျူဟာလေ့လာရေးရုံး"က နေပြီးတော့ အဓိကကိုင်တွယ် ဆောင်ရွက်နေပါတယ်" ဟု ကာကွယ်ရေးဝန်ကြီးကပြောကြားသည်။

https://bit.ly/3IxV02a

## ၄။ ပြည်သူ့ကာကွယ်ရေးတပ်မတော် ပူးပေါင်းတပ်တွေက မကွေးတိုင်းအတွင်းမှ စစ်ရေးဆိုင်ရာပစ်မှတ် ၁၉ ခုကို မဟာဗျူဟာကျကျ ဟန်ချက်ညီစွာတိုက်ခိုက်ခဲ့

ပြည်သူ့ကာကွယ်ရေးတပ်မတော် ပူးပေါင်းတပ်များက မကွေးတိုင်းအတွင်းရှိ စစ်ရေးဆိုင်ရာပစ်မှတ် (၁၉) ခုကို မဟာဗျူဟာကျဟန်ချက်ညီညီ တိုက်ခိုက်ခဲ့ပြီး တနိုင်ငံလုံးတွင်လည်း မဟာဗျူဟာကျ ဟန်ချက်ညီညီ စစ်ရေးဆိုင်ရာတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကာ၊ ကျန်ရှိသည့် စစ်ရေးဆိုင်ရာလှုပ်ရှားမှု သတင်းအချက်အလက်များကိုလည်း ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲများအတွင်း ရန်သူ့တပ်သား (၃၁) ဦး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူ့ကာကွယ်ရေးရဲဘော်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ရန်သူ့တပ်၏ပင်မအဆောက်အဦးများနှင့် ဘားတိုက်များ ပျက်စီးခဲ့ပြီး ရန်သူထံမှ ကား၊ လက်နက်ငယ်များ၊ ကျည်ဆံများနှင့် စစ်အသုံးအဆောင်များသိမ်း ဆည်းရရှိခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ (၁၅) ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3S8xuMl




## ၅။ လေကြောင်းကင်းထောက်များအလိုရှိကြောင်း NUG ဖိတ်ခေါ်




အကြမ်းဖက်စစ်တပ်၏ လေကြောင်းလှုပ်ရှားမှုများကို အချိန်နှင့်တပြေးညီသိရှိနိုင်ရန်အတွက် လေတပ်စခန်း များအပါအဝင် လေယာဉ်ကွင်း၊ ရဟတ်ယာဉ်ကွင်းများကို ပုံမှန်စောင့်ကြည့်သတင်း ပေးပို့ခြင်း၊ လေကြောင်း သွားလာမှု လမ်းကြောင်းတလျှောက် သတင်းပေးခြင်းများလိုအပ်ကြောင်း၊ လေကြောင်းကင်းထောက်များအဖြစ် တာဝန်ထမ်းဆောင်နိုင်မည့် ပြည်သူများအား ဖိတ်ခေါ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖိတ်ခေါ်ခဲ့သည်။ လေကြောင်းကင်းထောက်အဖြစ် ဆောင်ရွက်လိုသည့် ပြည်သူများအနေဖြင့်ကာကွယ်ရေးဝန်ကြီး ဌာနက စီစဉ်ဆောင်ရွက်နေသည့် https://t.me/MASurveillance24 telegram ကို ဆက်သွယ် သတင်းပေးပို့ကြရန်တိုက်တွန်းထားသည်။ https://bit.ly/3S8RIFR

ပညာရေးဝန်ကြီးဌာန

## ၆။ နိုင်ငံတကာတက္ကသိုလ်များမှ သင်တန်းအမျိုးအစား (၈၈) မျိုးတွင် ကျောင်းသားဦးရေ (၅၀၀၀) အထိ တက်ရောက်သင်ကြားနိုင်တော့မည်




အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာန နှင့် EdX ပညာရေးအဖွဲ့အစည်းတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် အဆင့်မြင့် ပညာကဏ္ဍမှ ကျောင်းသားများအတွက် နိုင်ငံတကာတက္ကသိုလ်များမှ အင်္ဂလိပ်ဘာသာဖြင့် ပို့ချသော သင်တန်းအမျိုးအစား (၈၈) မျိုးတွင် ကျောင်းသားဦးရေ (၅၀၀၀) အထိ တက်ရောက်သင်ကြားနိုင်တော့မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

EdX ပညာရေး အဖွဲ့အစည်းနှင့် ပူးပေါင်း၍ စစ်ကျွန်ပညာရေးကို သပိတ်မှောက်ထားသော အဆင့်မြင့် ပညာကဏ္ဍမှ ကျောင်းသားများအတွက် သင်တန်းအမျိုးအစားပေါင်း (၁၃၂) မျိုးကို EdX MOOC တွင် လေ့လာနိုင်ရန် သဘောတူညီမှုများ ရရှိခဲ့ပြီး ဖြစ်ကြောင်း အဆိုပါ သင်တန်း (၁၃၂) မျိုးအနက် EdX နှင့် မိတ်ဖက်ဖြစ်သည့် နိုင်ငံတကာတက္ကသိုလ်များမှ အင်္ဂလိပ်ဘာသာဖြင့်ပို့ချသော သင်တန်းအမျိုးအစား (၈၈) မျိုးတွင် ကျောင်းသားဦးရေ (၅၀၀၀) အထိ တက်ရောက်သင်ယူနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

တက်ရောက်ခွင့်ရရှိသူ ကျောင်းသားများသည် US ဒေါ်လာဖြင့် ပေးသွင်းရသော သင်တန်းများအား အခ ကြေးငွေ လုံးဝပေးသွင်းစရာ မလိုဘဲ တက်ရောက်နိုင်မည့်အပြင် နိုင်ငံတကာ အသိအမှတ်ပြုသင်တန်း ပြီးဆုံးကြောင်းလက်မှတ်များအား အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး မိမိတို့၏အနာဂတ် အသက်မွေးဝမ်းကျောင်းမှု၊ စိတ်ဝင်စားမှု တို့ကိုအခြေခံ၍ ကိုယ်တိုင်ရွေးချယ်တတ် ရောက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ https://bit.ly/3Z598Wb

## ၇။ ပြည်သူ့ပညာရေး အသိမှတ်ပြုမှုဝါဒများနှင့် ကိုက်ညီသည့် Online ကျောင်း (၁၄) ကျောင်းကို ကြားကာလ အခြေခံပညာ ပြည်သူ့ပညာရေးကျောင်းများအဖြစ် NUG အသိမှတ်ပြု

ပြည်သူ့ပညာရေး အသိမှတ်ပြုမှုဝါဒ (၁၁) ချက် ၊ Information and Technology Security Guideline များကိုဝန်ခံကတိပြုထားသည့် ကျောင်း (၁၄) ကျောင်းကို ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်းများအဖြစ် အသိမှတ်ပြုကြောင်း၊ နောက်ထပ်စိစစ်နေဆဲ အွန်လိုင်းကျောင်းများကို အသိအမှတ်ပြုလျှင် ကြေညာသွားမည်ဖြစ်ပြီး မြေပြင်ပြည်သူ့ပညာရေးကျောင်းများကိုလည်း အသိမှတ်ပြုမှု ထုတ်ပေးရေးဆောက်ရွက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ (၁၃) ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ https://bit.ly/418qrqV

ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာန

# ၈။ စစ်ရေးကဏ္ဍတွင် နယ်မြေတိုးချဲ့လာနိုင်သည်နှင့်အမျှ အုပ်ချုပ်ရေးကဏ္ဍ အသင့်တည်ထောင်ရန် ဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်ပြောကြား




စစ်ရေးကဏ္ဍဘက်က နယ်မြေတိုးချဲ့ရရှိလာသည်နှင့်အမျှ အုပ်ချုပ်ရေးကဏ္ဍအဆင်သင့် တည်ထောင်နိုင်ရန် သက်ဆိုင်ရာဒေသခံများကို တက်နိုင်သမျှ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားနေသည်များရှိကြောင်း၊ အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများကို စစ်ကိုင်းနှင့်မကွေးတိုင်းတွင် ကောင်းမွန်စွာ အကောင် အထည်ဖော်နိုင်ပြီဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ချမှတ်သည့် မူဝါဒများနှင့် ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ရကြောင်း၊ လက်တလော အခြေအနေတွင် (၁၅၈) မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီးပြီဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်က ဖေဖော်ဝါရီ (၁၂) ရက် Global Town Hall Meeting ဖက်ဒရယ်အရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အစီအစဉ်တွင်ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းတို့တွင် ပြည်သူ့ကာကွယ်ရေးတပ်များက (၇၀) ရာခိုင်နှုန်းခန့် ထိန်း ချုပ်ထားနိုင်သည့် မြို့ပေါင်း (၇၃) မြို့ရှိကြောင်း ကျန်နေသည့် မြို့နယ်များတွင်လည်း နယ်မြေတိုးချဲ့ရေး ဆောင်ရွက်နေကြောင်းပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားသည်။ https://bit.ly/3ZILgCB

တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

| စဉ် | နေ့စွဲ | ဝန်ကြီးဌာနနှင့် ကော်မတီများ | အကြောင်းအရာနှင့်ဆွေးနွေးချက်များ | Link များ |
|---|---|---|---|---|
| ၁။ | ဖေဖော်ဝါရီ ၁၂ ရက် | နိုင်ငံခြားရေးဝန်ကြီး၊ ဒုဝန်ကြီးနှင့် သံအမတ်ကြီးဦးကျော်မိုးထွန်းတို့ နယူးယောက်ရှိမြန်မာမိသားစုများနှင့် တွေ့ဆုံ | ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးတို့မှ အမှာစကား ပြောကြားကာ မြန်မာ့အရေးနှင့်ပတ်သက်ပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3lBHWzF |
| ၂။ | ဖေဖော်ဝါရီ ၁၂ ရက် | အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ များ တွေ့ဆုံဆွေးနွေး | တရားရေးဝန်ကြီးဌာနနှင့်နှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဌာန၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မူဝါဒနှင့်ထုတ်ပြန်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးမြို့နယ်ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့ဝင်များမှ မူဝါဒ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မြေပြင်အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3xxvlAa |
| ၃။ | ဖေဖော်ဝါရီ ၁၃ ရက် | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန နှင့် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန် ကြီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့မှ E-Police နှင့်သက်ဆိုင်သည်များနှင့် ပြည်သူ့အုပ် ချုပ်ရေးဦးစီးဌာနမှ ကူးတို့လိုင်စင်လေလံမှုကြမ်းနှင့် ပတ်သက်ပြီး စည်းကမ်းချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး မြို့နယ်ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ မူဝါဒ၊ လမ်းညွှန်ချက်များ၊ မြေပြင်အုပ်ချုပ်ရေးဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3S7Vy2I |

| စဉ် | နေ့စွဲ | ဝန်ကြီးဌာနနှင့် ကော်မတီများ | အကြောင်းအရာနှင့်ဆွေးနွေးချက်များ | Link များ |
|---|---|---|---|---|
| ၄။ | ဖေဖော်ဝါရီ ၁၄ ရက် | နိုင်ငံခြားရေးဝန်ကြီးဒေါ် ဇင်မာအောင်နှင့် အမေရိကန်ဒုတိ ယနိုင်ငံခြားရေး ဝန်ကြီးတွေ့ဆုံ | အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီးအနေနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝါရှင်တန်ဒီစီ ရုံးခွဲ ဖွင့်လှစ်ခြင်းအား ကြိုဆိုပြီး မြန်မာ့ဒီမိုကရေစီ အရေးဆောင်ရွက်နေ သူများနှင့် တိုင်းရင်းသားတော်လှန်ရေး အင်အားစုများအား အစဉ်အမြဲအား ပေးထောက်ခံနေပါကြောင်း ပြောကြားခဲ့သည်။ | https://bit.ly/3I9agkJ |
| ၅။ | ဖေဖော်ဝါရီ ၁၄ ရက် | အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝါရှင်တန်ဒီစီ ရုံးခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ | အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝါရှင်တန်ဒီစီ ရုံးခန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည်။ | https://bit.ly/3Kfx58Z |
| ၆။ | ဖေဖော်ဝါရီ ၁၅ ရက် | အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရပြည်သူ့ အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ် | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ် ရေးဝန်ကြီးဌာနမှ ဌာန၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မူဝါဒနှင့်ထုတ်ပြန်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ဝင် များမှ မူဝါဒ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ မြေပြင်အခက်အခဲများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3KkG9tk |
| ၇။ | ဖေဖော်ဝါရီ ၁၆ ရက် | ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော် ဆောင်မှု ဗဟိုကော်မတီအ စည်း အဝေး (၇/၂၀၂၃) ကျင်းပပြုလုပ် | (၆/၂၀၂၃) တွင်ချမှတ်ထားသော ဆုံးဖြတ် ချက်၊ ရှေ့လုပ်ငန်းစဉ်များ နှင့်ပတ်သက်၍ ပြီးစီးမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိနေသည့် လုပ်ငန်း စဉ်များကိုဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3IfPfEK |

| စဉ် | နေ့စွဲ | ဝန်ကြီးဌာနနှင့် ကော်မတီများ | အကြောင်းအရာနှင့်ဆွေးနွေးချက်များ | Link များ |
|---|---|---|---|---|
| ၈။ | ဖေဖော်ဝါရီလ ၁၆ ရက် | ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် ခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး | ခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် ကိစ္စရပ်များနှင့်လိုအပ်ချက် များ၊ အခက်အခဲများကို မေးမြန်းဆွေးနွေးကြကာ ဝန်ကြီးဌာန၏ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့သည်။ | https://bit.ly/3iMqaIS |
| ၉။ | ဖေဖော်ဝါရီလ ၁၇ ရက် | ထီးလင်းမြို့နယ်ပြည်သူ့လုံခြုံရေးတပ်ဖွဲ့(ပြည်သူ့ရဲလုပ်ငန်းစဉ်) ရက်တိုသင်တန်း အပတ်စဉ်(၁/၂၀၂၃) ဖွင့်လှစ်၍သင်ကြားပို့ချ | မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ (ပြည် သူ့ရဲ လုပ်ငန်းစဉ်) ရက်တိုသင်တန်း အပတ်စဉ်(၁/၂၀၂၃) အား (၁၄ . ၁.၂၀၂၃) ရက်နေ့တွင် သင်တန်းသား ဦးရေ (၁၉)ဦးဖြင့် ဖွင့်လှစ်ခဲ့သည်။ | https://bit.ly/3XHuV55 |
| ၁၀။ | ဖေဖော်ဝါရီ ၁၀ ရက် | အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ နှင့်စစ်ကိုင်းတိုင်း၊မကွေးတိုင်းပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များတွေ့ဆုံဆွေးနွေး | ကန့်ဘလူခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ နှင့် မုံရွာခရိုင်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တို့မှ ခရိုင်အတွင်းနယ်မြေကွင်းဆင်း စစ်ဆေးမှုများအပေါ်လုပ်ငန်းဆောင်ရွက်မှုများ၊အကြံပြုချက်၊ သုံးသပ်ချက်များကို ချပြရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက် ချက်များ၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းရှိ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကိုဆွေးနွေးခဲ့ကြသည်။ | https://bit.ly/3IPq9Iz |
| ၁၁။ | ဖေဖော်ဝါရီ ၁၁ ရက် | အမျိုးသားညီညွတ်ရေးအစိုးရက (၇၅)နှစ်မြောက်ကရင်အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအ နားသို့ သဝဏ်လွှာပေးပို့ | ကရင်အမျိုးသားများ၏ ပေးဆပ်မှုနှင့် ကြိုးပမ်းမှုအပေါင်းကို ထပ်တူခံစားပြီး များစွာ လေးစားအသိအမှတ်ပြုကြောင်း ကရင်တော် လှန်ရေးအင်အားစုများနှင့် လက်တွဲ၍ စစ်အာဏာရှင်စနစ် အပါအ ဝင် အာဏာရှင်စနစ်မှန်သမျှ ချုပ်ငြိမ်း ရေးနှင့် ဒီမိုကရေစီရေး၊ အမျိုးသား တန်း တူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အ ရေးများကို အပြည့်အဝ အာမခံချက်ရှိ သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင် စု တည်ဆောက်ရေးအတွက် အဆုံးတိုင် ကြိုးပမ်းဆောင်ရွက် သွားမည်ဟုဖော်ပြ ထားသည်။ | https://bit.ly/3Kky9IS |